


ဟောကြားသူ၊
ဉက္ကဋ္ဌ သောမစ် အက်စ် မွန်ဆွန်

# မေတ္တာဖြင့် သခင်ဘုရား၏ အစေကိုခံပါ

ကယ်တင်ရှင် ယေရှုခရစ်တော်က "အကြင်သူသည် မိမိအသက်ကို ကယ်ဆယ်ခြင်းငှါ အလိုရှိ၏။ ထိုသူသည် အသက်ရှုံးလိမ့်မည်။ အကြင်သူသည် ငါ့ကြောင့် အသက်ရှုံးလိမ့်မည်။ ထိုသူသည် မိမိအသက်ကို ကယ်ဆယ်လိမ့်မည်" (ရှင်လုကာ ၉း၂၄) လို့ သွန်သင်ခဲ့ပါသည်။

"ကယ်တင်ရှင် ဆိုလိုတာကတော့ ကျွန်တော်တို့ဟာ သူတစ်ပါးအစေကို မခံခဲ့ဘူးရှင်၊ ကျွန်တော်တို့ အသက်ရှင်နေထိုင်ရခြင်းရဲ့ အဓိပ္ပါယ်မရှိသလောက်ပါပဲ" လို့ ဉက္ကဋ္ဌ သောမစ် အက်စ် မွန်ဆွန်က ဆိုခဲ့ပါတယ်။ သူတစ်ပါးအစေကို ခံရင်း မိမိဘဝကို မြှုပ်နှံထားသူတွေ တိုးပွါးပြီး အဓိပ္ပါယ်ရှိတဲ့ ဘဝကို ရှင်သန်နေရချိန်မှာ၊ ကိုယ်ကျိုးကိုသာ ရှာတတ်သူတွေဟာ အဆုံးမှာ ညှိုးညှိုးသွားတဲ့ အပင်လိုပဲ ဘဝကို ဆုံးရှုံးတတ်ပါတယ်။ ၁

ယခု ဝေငှသွားမယ့် ဉက္ကဋ္ဌ သောမစ် အက်စ် မွန်ဆွန် ရဲ့ သာသနာ ကကောက်နုတ်ချက်တစ်ခုထဲမှာ၊ သင်တို့သည် ဘုရားသခင်၏ လက်များဖြစ်ကြ၍၊ သူတစ်ပါး၏အစေကို တည်ကြည်စွာခံသောသူအတွက် ထာဝရ ကောင်းကြီးများစွာစောင့်နေသည် လို့ဆိုခဲ့ပါတယ်။

## ဗိမ္မာန်တော်၌ အစေခံခြင်း

"လက်ရှိဘဝရဲ့ အခြားတစ်ဖက်ကို ရောက်နှင့်နေကြသူများအတွက် ကိုယ်စားပြုပြီး ဗိမ္မာန်တော်နှင့် စပ်ဆိုင်သောအရာများကိုပြုလုပ်ခြင်းဟာ အင်မတန်ထူးမြတ်လှပါတယ်။ အများအားဖြင့် ကျွန်တော်တို့ ကိုယ်စားပြုပေးတဲ့သူတွေကို ကျွန်တော်တို့ သိကျွမ်းခဲ့ခြင်းမရှိပါဘူး။ သူတို့ထံက ကျေးဇူးတင်စကားလည်း ကျွန်တော်တို့ မမျှော်သလို၊ သူတို့အတွက် ကျွန်တော်တို့ ပြုပေးတဲ့ အရာကို သူတို့ လက်ခံမခံလည်း ကျွန်တော်တို့ မသိပါဘူး။ သို့သည်တိုင် သူတို့အတွက်ကျွန်တော်တို့ အစေခံပြီးဆောင်ရွက်ပေးပါတယ်၊ ထိုသို့ပြုခြင်းအားဖြင့် ကျွန်တော်တို့ကိုယ်တိုင်လည်း ဇိအုန်တောင်ပေါ်က ကယ်တင်သောသူများဖြစ်လာပါတယ်။ ကယ်တင်ရှင် ကျွန်တော်တို့ကိုယ်စားအသက်ပေးသွားသလိုပဲ၊ သေးငယ်သောအမှုပင်ဖြစ်ပါစေ သေလွန်ပြီးသူများအတွက် ကျွန်တော်တို့လုပ်ဆောင်ပေးခြင်းဟာ ကယ်တင်ရှင်ရဲ့ ဉပမာကို လိုက်လျောက်တာဖြစ်ပါတယ်။ ၂

## ကျွန်တော်တို့ဟာ သခင့်ရဲ့ လက်များဖြစ်ကြပါတယ်

ညီအကို မောင်နှမများခင်များ၊ ကျွန်တော်တို့ ရဲ့ပတ်ဝန်းကျင်ကို ကြည့်လိုက်ရင်၊ မိသားစုဖြစ်စေ၊ မိတ်ဆွေများဖြစ်စေ၊ အသိများဖြစ်စေ၊ သူစိမ်းများဖြစ်စေ ကျွန်တော်တို့ရဲ့ ဂရုစိုက်မှု၊ အားပေးမှု၊ထောက်ပံ့မှုနဲ့၊ နစ်သိမ့်ဖေးမမှုကို လိုအပ်နေတဲ့သူတွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့ဟာ ဤလောကမှာရှိတဲ့ သခင့် ရဲ့ လက်များဖြစ်ကြပါတယ်၊ အလားတူပဲ သခင့်သားသမီးများကို ဖေးမရမယ့်တာဝန်ရှိပါတယ်။ ဘုရားသခင်က ကျွန်တော်တို့အပေါ် စိတ်ချလက်ချ ဒီတာဝန်ကို အပ်ထားပါတယ်။...

"ကျွန်တော်တို့ မှာ သခင် ယေရှုခရစ်တော်ရဲ့ အစေကိုခံရမယ့် တာဝန်ရှိပါတယ်။" ၃

## ကယ်တင်ရှင် ရဲ့ အရိပ်အောက်မှာ အစေခံခြင်း

သခင် ယေရှု ရှင်ပြန်ထမြောက်တော်မူပြီးတဲ့နောက်မှာ ကမ္ဘာရပ်ခြားတစ်ခုမှာ ရှိတဲ့လူမျိုးများထံကို "ငါပြုသောအရာများကို သင်တို့သည် ငါ၏အသင်းတော်၌ ပြုကြလော့၊ ငါပြုသောအမှုအတိုင်းပြုကြလော့" (၃နီဖိုင်း ၂၇း၂၁) မှာမိန့်မှာထားပါတယ်။

အစဉ်ကောင်းမှုကို ဆောင်တဲ့ နာဇရက်မြို့သား ယေရှုရဲ့ အရိပ်အောက်မှာ အစေခံတဲ့အခါ သူတစ်ပါးရဲ့ ဘဝမှာ တိုးပွါးစရာဖြစ်စေပါတယ် (တမန်တော် ၁၀း၃၈)။ ဘုရားသခင်ရဲ့ သားသမီးတွေကို ဖေးမကူညီရင်း၊ ဘုရားရဲ့ အစေကိုခံတဲ့အခါမှာ ဝမ်းမြောက်ခြင်းကို ကျွန်တော်တို့ခံစားရပါတယ်။ ၄

## အစေခံရန် လိုအပ်ခြင်း

အစေခံနိုင်သော အခွင့်ရရန် လိုအပ်ပါတယ်။ ယုံကြည်ခြင်းအားနည်းပြီး၊ တက်ကြွစွာ ပါဝင်မှုမရှိတဲ့ အသင်းသူအသင်းသားများအတွက် ဖေးမလက်ကမ်းနိုင်ရန်အတွက် ဆုတောင်းနိုင်ပါတယ်။ တစ်ခါတစ်ရံမှာ အသင်းတော်ရဲ့ အရေးပါတဲ့နေရာမှာ အစေခံဖို့ ဖိတ်ခေါ်ခြင်းအားဖြင့် သူတို့တွေ တက်ကြွစွာ ပြန်လည်ပါဝင်နိုင်ရန် လုပ်ဆောင်နိုင်ပါတယ်။ သို့သော် ခေါင်းဆောင်တစ်ချို့ကဆို ရင် ဒီလိုလုပ်ဖို့ ဝန်လေးနေတတ်ပါတယ်။ သိထားရမယ့် အချက် ကတော့ လူတွေရဲ့ အသက်တာဟာ ပြောင်းလဲနိုင်ပါတယ်။ မကောင်းတဲ့အကျင့်တွေကိုလည်း သူတို့စွန့်လွှတ်တတ်ပါတယ်။ လွန်ကျူးခဲ့တဲ့ အပြစ်အတွက် လည်းနောင်တ ရတတ်ပါတယ်။  ယဇ်ပုရောဟိတ်အခွင့်ကိုလည်း ထိုက်တန်စွာ ကိုင်ဆောင်နိုင်ပါတယ်။ ဒ့ါအပြင် သခင့်ရဲ့အမှုတော်ကို လည်း ဖွဲလုံးလ နဲ့ ထမ်းဆောင်တတ်ပါတယ်။ ၅

### လုပ်သင့် လုပ်ထိုက်တာအားလုံး ကျွန်တော်တို့ လုပ်ဆောင်နေပါသလား

"ဒီလောကကြီးမှာ ကျွန်တော်တို့ရဲ့ အကူအညီ လိုအပ်ပါတယ်။ လုပ်သင့် လုပ်ထိုက်တာအားလုံး ကျွန်တော်တို့ လုပ်ဆောင်နေပါသလား။ 'မိမိရဲ့ တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်ခဲ့သော်၊ မိမိကြောင့် ကယ်တင်ခြင်းကို ရနိုင်ရက်နဲ့ ကယ်တင်ခြင်းမရသောသူများအတွက် ဘုရားသခင်က သင့်ကို စီရင်တော်မူမည်' ဆိုတဲ့ [*ဥက္ကဋ္ဌ ဂျွန် တေလာ၏သင်ကြားခြင်း (2001) 164*]ကို သတိရကြရဲ့လား။ ကျွန်တော်တို့မှာ ယိုင်လဲလုနည်း ဖြစ်နေတဲ့သူများကို ခိုင်ခံ့စေရန်၊ ကမ်းလက်ဖေးမရန်၊ ခွန်အားပေးရန်၊ နှလုံးသားများကို ခိုင်ခံ့စေရန်၊ နှင့် အသက်ဝိညာဉ်များကို ကယ်တင်ရမယ့် တာဝန်တွေရှိပါတယ်။ ထာဝရကောင်းကြီး မင်္ဂလာတွေက သင့်ကို စောင့်နေပါတယ်။ ကျွန်တော်တို့ဟာ အစေခံခြင်းရဲ့ ကပွဲကို ကြည့်တဲ့သူသာ မဟုတ်ပဲနဲ့ ကပွဲကို ဝင်နွှဲခွင့်ရတဲ့သူများ ဖြစ်ကြပါတယ်။"[၆]

### မှတ်ချက်

၁။ "သူတစ်ပါးအတွက် ကျွန်ုပ် ယနေ့ ဘာပြုခဲ့သလဲ၊" လိုင်ယာဟောဏား၊ နိုဝင်ဘာလ ၂၀၀၉၊ ၈၅။
၂။ "ပြန်လည်ဆုံတွေ့ကြသည့်တိုင်၊" လိုင်ယာဟောဏား၊ မေလ ၂၀၀၉၊ ၁၁၃-၁၄။
၃။ "သူတစ်ပါးအတွက် ကျွန်ုပ် ယနေ့ ဘာပြုခဲ့သလဲ၊" ၈၆၊ ၈၇။
၄။ "အမှုဆောင်ရန် ကယ်တင်ရှင်၏ ခေါ်သံ၊" လိုင်ယာဟောဏား ဩဂုတ်လ ၂၀၁၂၊ ၅။
၅။ "အခြားသူများရဲ့ ကောင်းချက်ကို မြင်ပါ၊" လိုင်ယာဟောဏား၊ နိုဝင်ဘာလ ၂၀၁၂၊ ၆၈။
၆။ "အစေခံရန် ဆန္ဒရှိ ၍ ထိုက်တန်ခြင်း၊" လိုင်ယာဟောဏား၊ မေလ ၂၀၁၂၊ ၆၉။
၇။ သင်ကြားရခြင်းထက် မြတ်သော တာဝန်မရှိ၊ ဧဝံဂေလိ သင်ကြားခြင်းလမ်းညွှန် (၁၉၉၉)၊ ၁၂။

---

### ဤ သတင်းစကားမှ သင်ကြားခြင်း

"ကယ်တင်ရှင်ကဲ့သို့ မေတ္တာထားတတ်မယ် ဆိုရင် ဧဝံဂေလိကို ဝေငှရန်ပို လွယ်ကူပါတယ်။ ကယ်တင်ရှင်ကို သိကျွမ်းပြီး လမ်းလျှောက်နိုင်ဖို့ အခြားသူများကို ဘယ်လိုကူညီရမယ်ဆိုတာကိုလည်း သင်သိခွင့်ရမှာဖြစ်ပါတယ်။"[၇] သင်သွားရောက် မိသာဟာရပြုသူများကို သာ၍ မေတ္တာထားတတ်ရန် ဆုတောင်းပါ။ သူတို့ကို ခရစ်တော်ရဲ့ မေတ္တာနဲ့ ချစ်တတ်လာမှ သခင့်ကို ၄င်း၊ အခြားသူများကို ၄င်း အစေခံရာမှာ ပိုပြီး အဓိပ္ပါယ်ရှိလာမှာ ဖြစ်ပါတယ်။

## လူငယ်ကဏ္ဍ

### အစေခံခြင်း နွေကာလ

**အယ်လီဇဘက် ဘလိုက်**

တစ်ခုသော နွေကာလအချိန်တွင်၊ နိုင်ငံရပ်ခြားသို့ ခရီးထွက်ခဲ့ပြီး မသန်စွမ်းသော ကလေးသူငယ် များနှင့် အတူ ရှိခဲ့ဖူးပါသည်။ ထိုကလေးသူငယ်များအားစတွေ့ချိန်တွင် ကျွန်မ အင်မတန် ကြောက်ရွံ့ထိတ်လန့်ခဲ့ပါသည်။ သူတို့၏ ဘာသာစကားကို လည်းမပြောတတ်ခဲ့ပါ၊ သို့သော် သူတို့နှင့်အတူရှိချိန်တွင် သန့်ရှင်းသော ဝိညာဉ်တော်၏ အကူအညီဖြင့် ကောင်းကောင်းမွန်မွန် ဆက်ဆံနိုင်မည်ကို တော့ ယုံကြည်ခဲ့ပါသည်။ ထိုကလေးများကို တကယ်သိကျွမ်းလာချိန်မှာ တော့၊ မေတ္တာပြရာမှာ ဘာသာစကား ကျွမ်းကျင်စရာ မလိုကြောင်းကို နားလည်ခဲ့ပါသည်။ သူတို့နှင့်အတူ ကစား၊ ရယ်မောပြီး၊ အလှုဆင်မှုများကိုအတူတကွလုပ်ခဲ့ရာမှာ၊ သူတို့ကို ပို၍ပို၍ချစ်လာမိပါသည်။ ထိုသို့အားဖြင့် ကောင်းကင်ဘုံရှင်အဘက သူ့သားသမီးများကို ဘယ်လောက်ချစ်ကြောင့်နားလည်ခွင့်ရခဲ့ပါသည်။

သူတစ်ပါးရဲ့ အစေကို ခံတိုင်း၊ သတို့ကိုသာ၍ ချစ်ခင်လာရုံသာမက၊ ဘုရားသခင်ကိုလည်းသာ၍ ချစ်တတ်လာပါသည်။ ထိုသို့အားဖြင့် "သူတစ်ပါး၏ အစေခံခြင်းသည် ဘုရားသခင်၏အစေကို ခံခြင်းဖြစ်သည် (မိုဆိုင်းရား ၂း၁၇)" ကို ပိုပြီးနားလည်လာပါသည်။ သူတစ်ပါး၏ အစေကိုခံရခြင်း အဓိကအကြောင်းရင်းကတော့ ကြီးသည်ဖြစ်စေ၊ ငယ်သည် ဖြစ်စေ၊ ဘုရားသခင် ၏ ဂုဏ်တော်ကို တိုးပွါးစေဖို့ဖြစ်ပါသည်။ (မသဲ ၅း၁၆)။ သူတစ်ပါးရဲ့ အစေကို ခံတိုင်း၊ ထိုသူများအနေဖြင့် ကျွန်မ ဘုရားသခင်ကို မည်မျှချစ်ကြောင်းနှင့်၊ ကျွန်မနှလုံးသားမှာ လောင်ကျွမ်းနေတဲ့ ခရစ်တော်၏ အလင်းကို မြင်တွေ့ နိုင်ကြဖို့ ဆုတောင်းပါတယ်။

*စာရေးသူမှာ အမေရိကန် ပြည်ထောင်စု၊ ဗာဂျီးနီးယားတွင် နေပါသည်။*

## ကလေးများကဏ္ဍ

### မေတ္တာ၏ အဆက်အနွယ်

အကျယ် ၁ လက်မ နှင့် အလျား ၈ လက်မ အရွယ်ရှိသော စာရွက် ၂၈ ခုပြုလုပ်ပါ။ နေ့စဉ်နေ့တိုင်း ဤတစ်လလုံး မိမိ၏မေတ္တာကို ပြသရန်အတွက် သူတစ်ပါးအတွက် ကောင်းသော အရာ တစ်ခုခုကို လုပ်ဆောင်ပါ။ မိဘများအား ကူညီသည့် အနေဖြင့် အိမ်ကို သန့်ရှင်းအောင်ထားခြင်း သို့မဟုတ် အိမ်နီးနားခြင်းများအား ကြင်နာစွာဆက်ဆံခြင်းဖြင့် ကောင်းမှုကို ပြုနိုင်ပါသည်။

နေ့တိုင်းမိမိ ပြုခဲ့သမျှ ကောင်းမှုများကို သင်ပြုလုပ်ထားသော စာရွက်တစ်ခုခြင်း ပေါ်တွင် ရေးသားပြီး၊ ၄င်း စာရွက်များကို စက်ဝိုင်း သဖွယ် ပြုလုပ်ထားပါ။ ကော်၊ တိတ် များကို အသုံးပြုပြီး မကပ်မီ နေ့စဉ်အလိုက် စာရွက်အပေါ်တစ်ခုပြီး တစ်ခုထပ်၍ စက်ဝိုင်း အတိုင်းပြုပါ။ ဤနည်းဖြင့် သင်ပြုခဲ့သော မေတ္တာအဆက်အနွယ် တိုးပွါးလာသည်ကို ကြည့်ရှုပါ။ ဖေဖော်ဝါရီလကုန်သည့်တိုင်၊ သင့်ပြုထားသော စက်ဝိုင်းကို ထပ်ဆင့်ပင် တိုးချဲ့နိုင်ပါသည်။

© 2014 Intellectual Reserve, Inc အားဖြင့် မှတ်ပုံတင်ပြီး မူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန် ပြည်ထောင်စုတွင် ပုံနှိပ်ထုပ်ဝေသည်။ အင်္ဂလိပ်ဘာသာ ခွင့်ပြုချက်၊ 6/13။
ဘာသာပြန်ခွင့်ပြုချက် 6/13။ *First Presidency Message, February 2014 အားဘာသာပြန်ဆိုခြင်း၊* Burmese 10862 256

# ယေရှုခရစ်တော်၏ သာသနာတော်မြတ်၊ သိုးထိန်းကောင်း

**ယုံကြည်ခြင်း၊ မိသားစု၊ သက်သာမှု**

*ဤသင်ရိုးညွှန်းတမ်းကို ဆုတောင်းခြင်းဖြင့် လေ့လာပြီး အဘယ်အရာဝေမျှရမည်ကို သိထားပါ။ ကယ်တင်ရှင်ရဲ့ သက်တော်စဉ် နဲ့ သာသနာတော်ကို နားလည်ခြင်းထားပါက မည်သို့ယုံကြည်ခြင်းတိုးပွါးပြီး၊ သင်မိသဿဟာရပြုသူများကို ကောင်းကြီးဖြစ်စေနိုင်မည်နည်း။ ထပ်မံလေ့လာမှုများကို ပြုလိုပါက reliefsociety.lds.org ကိုကြည့်ရှုနိုင်ပါတယ်။*

*မိသဿဟာရပြု သတင်းစကား၏ ဤ ကဏ္ဍတွင် ကယ်တင်ရှင်၏ သာသနာကို အဓိက ထား ဖေါ်ပြထားပါသည်။*

သိုး ထိန်းကောင်း၊ ယေရှုခရစ်တော်က သွန်သင်ထားပါတယ်၊

"သိုးတစ်ကောင်ပျောက် လျှင်၊ ကိုးဆယ့်ကိုးကောင်သောသိုးတို့ကို တောတွင် ထားခဲ့ပြီးမှ၊ ပျောက်သောသိုး တစ်ကောင်ကို မတွေ့မှီတိုင်အောင် သွား၍ မရှာဘဲနေမည်လော"...

"နောင်တရသော လူဆိုးတစ်ယောက်၌ သာ၍ဝမ်းမြောက်ခြင်းရှိကြ၏" (ရှင်လုကာ ၁၅း၄၊၇)။

ယေရှုခရစ်တော်ဟာ သိုးထိန်းကောင်းဆိုတာကို နားလည်လာတဲ့အခါ၊ သူ့ရဲ့ ဥပမာ အတိုင်းလိုက်လျောက်ပြီး အခြားသူများကို ဖေးမကူညီလိုစိတ်တိုးပွါးလာမှာဖြစ်ပါတယ်။ ယေရှုဆိုထားသည်မှာ၊ "ငါသည်ကောင်းသော သိုးထိန်းဖြစ်၏၊ သိုးတို့ကို သိတော်မူ၏၊ သိုးတို့လည်းငါ့ကို သိတော်မူ၏" (ရှင်ယောဟန် ၁၀း၁၄-၁၅)။ ခရစ်တော်ရဲ့ ရွေးနုတ်ကယ်တင်တော်မူခြင်းကြောင့်၊ ကျွန်တော်တို့အာလုံးဟာ လမ်းပျောက်ခြင်းကနေ လွတ်မြောက်ရသော အခွင့်ရပါတယ်။ (ရှင်လုကာ ၁၅) ကိုကြည့်ပါ။

ဥက္ကဌ သောမစ် အက်စ် မွန်ဆွန်ကဆိုထားပါတယ်၊ "ကျွန်တော်တို့ရဲ့ တာဝန်ဟာ သိုးတို့ကို ထိန်းကျောင်းဖို့ဖြစ်ပါတယ်၊ အစေခံဖို့ရန် အယောက်တိုင်း ဆက်ကပ်ကြပါစို့"။[၁]

### *ကျမ်းပိုဒ်များမှ*

ဆာလံကျမ်း ၂၃၊ ဟေရှာယ ၄၀း၁၁၊
မိုဆိုင်းရား ၂၆။၂၁

### *ကျွန်တော်တို့ ၏ သမိုင်းမှ*

အယ် လီဇဘက် အဲ ဝိတ်နီ၊ ပထမဦးဆုံးသောဂရုဏာ အဖွဲ့ အစည်းအဝေးကို တက်ရောက်ခဲ့သူကသူမရဲ့ ပြောင်းလဲခြင်းကို ဝေမှခဲ့ပါတယ်။ သူမက "သာသနာပြုများဟောကြားတဲ့ ဧဝံဂေလိသတင်းကောင်းကို ကြားကြားခြင်းပဲ သိုးထိန်းကောင်းရဲ့ အသံဆိုတာကို ချက်ချင်းသိခဲ့ပါတယ်။"[၂] လို့ပြောခဲ့ပါတယ်။ ကြားခဲ့ရတဲ့ သိုးထိန်းကောင်းရဲ့ အသံကိုနာခံပြီး အယ်လီဇဘက်ဟာ နှစ်ခြင်းမင်္ဂလာကို ခံယူခဲ့ပါတယ်။

ကျွန်တော်တို့ ကိုယ်တိုင်လည်း သိုးထိန်းကောင်းရဲ့ အသံကို ကြားပြီး သူ့ရဲ့သွန်သင်ချက်တွေကို အခြား သူများနဲ့ ဝေမှလို့ရပါတယ်။ ဥက္ကဌ မွန်ဆွန်က "ကျွန်ုပ်တို့ဟာ ဘုရားသခင်ရဲ့ သားသမီးများကို ဖေးမကူညီပြီး အစေခံရမယ့် ဘုရားရဲ့ လက်များဖြစ်ကြတယ်" လို့ဆိုခဲ့ပါတယ်။[၃]

သိုးထိန်းက ပျောက်သောသိုးကို ရှာသကဲ့သို့ မိဘများကလည်းလမ်းမှားနေတဲ့ သားသမီးများကိုရှာဖွေသင့်ပါတယ်။ ဥက္ကဌ ဂျိမ်းအီး ဖေ့ါ (၁၉၂၀-၂၀၀၇)၊ ပထမ ဥက္ကဌ အဖွဲ့၏ ဒုတိယ အတိုင်ပင်ခံ က "ဖြောင့်မတ် လျက်၊ ကြိုးစားအားထုတ်လျက်၊ ဆုတောင်းအားကြီး ၍ မိုက်သော သားသမီးကို သွန်သင်လျက်နဲ့ စိတ်ဝမ်းနည်းနေရာသော မိဘများ၊ သိုးထိန်းရှင် သင်တို့ကို ကြည့်ရှုနေပါတယ်။ သင်တို့ရဲ့ ဝေဒနာကို ဘုရားသခင် သိမှတ်တော်မူတယ်။ မျော်လင့်ခြင်းဆိုတာ ရှိပါတယ်" လို့ဆိုခဲ့ပါတယ်။

### မှတ်ချက်များ

၁။ သောမစ် အက်စ် မွန်ဆွန်၊ "ကောင်းကင်ရိပ်သာ၊ ထာဝရမိသားစုများ"၊ လိုင်ယာဟောဏား၊ ဇွန်လ ၂၀၀၆၊ ၇၀။

၂။ အယ်လီဇဘက် အဲ ဝိတ်နီ၊ ငါ့၏ နိုင်ငံတော် သမီးများ၊ ဂရုဏာ အဖွဲ့ ၏ သမိုင်း နှင့် လုပ်ဆောင်မှုများ၊ ၂၀၁၁-၁၂၈။

၃။ သောမစ် အက်စ် မွန်ဆွန်၊ "သူတစ်ပါးအတွက် ကျွန်ုပ် ယနေ့ ဘာပြုခဲ့သလဲ"၊ လိုင်ယာဟောဏား၊ နိုဝင်ဘာလ ၂၀၀၉၊ ၈၆။

၄။ ဂျိမ်း အီ ဖေ့ါ၊ "လမ်းမှားသွားသော သိုးများမှ၊ မြတ်လုပေသည်"၊ လိုင်ယာဟောဏား၊ မေလ ၂၀၀၃၊ ၆၈။

### *ကျွန်ုပ်ဘာလုပ်နိုင်မည်နည်း။*

၁။ ကယ်တင်ရှင်ဟာ သိုးထိန်းရှင် ဖြစ်ကြောင်း သိခြင်းအားဖြင့် အသက်တာမှာ ဘယ်လို ငြိမ်သက်ခြင်း ယူဆောင်လာနိုင်မလဲ။

၂။ အသင်းတော်နဲ့ ဝေးကွာသူတွေနဲ့အခြား ယုံကြည်ခြင်း ရှိသူတွေကို ကျွန်တော်တို့ ဘယ်လို အစေခံနိုင်မလဲ။

၃။ လမ်းမှားတဲ့ သားသမီးရှိတဲ့ မိဘတွေကို ကျွန်တော် ဘယ်လို ပံ့ပိုးကူညီနိုင်မလဲ။

© 2014 Intellectual Reserve, Inc အားဖြင့် မှတ်ပုံတင်ပြီး မူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန် ပြည်ထောင်စုတွင် ပုံနှိပ်ထုတ်ဝေသည်။ အင်္ဂလိပ်ဘာသာ ခွင့်ပြုချက်၊ 6/13။
ဘာသာပြန်ခွင့်ပြုချက် 6/13။ *Visiting Teaching Message, February 2014 အားဘာသာပြန်ဆိုခြင်း၊* Burmese 10862 256